# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 27 , 2022 Volume 59, Number 17


၂၇.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၀၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၆၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၄၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့၊ (၀၉:၃၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ပနိုင်ငံ (၁၂) နိုင်ငံသို့စေလွှတ်မည့် စီးပွားရေးသံမှူး (၁၆) ဦးအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်တွေ့အသုံးချရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် စီးပွားရေးသံမှူးများအနေဖြင့် မိမိတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ၏စီးပွားရေးအခြေအနေကိုသာမက ကမ္ဘာ့စီးပွားရေးအခြေအနေကိုပါ ခြုံငုံသိရှိထားရန်လိုအပ်ကြောင်း၊ မိမိနိုင်ငံမှ အဓိကပို့ကုန် အလားအလာရှိသော ဈေးကွက်များ၊ ပို့ကုန်အမယ်သစ်များ တင်ပို့မှုဆိုင်ရာ အချက်အလက်များ၊ သွင်းကုန်ဆိုင်ရာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထားပြီး မြန်မာ့ပို့ကုန်များအတွက် ဈေးကွက်ရှာဖွေချိတ်ဆက်ပေးရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အခွန်နှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများကိုမျက်ခြေမပြတ်လေ့လာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ချိတ်ဆက်သွားရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံများတွင် တာဝန်ထမ်းဆောင်သည့်အခါ နိုင်ငံတော်အပေါ်သစ္စာစောင့်သိပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာသွားရန် လိုအပ်ကြောင်းမှာကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာများနှင့် ပြည်ပနိုင်ငံများသို့စေလွှတ်မည့် စီးပွားရေးသံမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E

## မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့၊ (၁၃:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂)၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးညွန့်အောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် "မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေး" လုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရန်နှင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး အတွက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာ ဝန်ကြီး ဦးခွန်သိန်းမောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဗဟိုကော်မတီ အဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ အခြေအနေများ အား ရှင်းလင်းတင်ပြခြင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်မှ (ဆဋ္ဌမ)အကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြခဲ့ရာ တင်ပြမှုများအပေါ် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၆:၀၀)အချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/ministers-office/%E1%80%99% E1%80%BC% E1%80% 94%E1%80%BA%E1%80%99%E1%80%AC-

## ရောင်းလိုအားအကျပ်အတည်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Brahmanbaria ဈေးကွက်တွင် စပါးကုန်သွယ်မှု ၆၀ ရာခိုင်နှုန်းကျဆင်းခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်း Ashuganj ရှိ အကြီးဆုံး စပါးဈေးကွက်ဖြစ်သည့် BOC Ghat တွင် ရောင်းလိုအား အကျပ်အတည်းနှင့် ဈေးနှုန်းမြင့်တက်မှုကြောင့် စပါးရောင်းဝယ်မှု ၆၀ ရာခိုင်နှုန်းကျဆင်းသွားရာ ဆန်စက်များနှင့်ကုန်သည် များကို ဆုံးရှုံးမှုဘက်သို့ တွန်းပို့နေသည့်သဖွယ်ဖြစ်နေပါသည်။

ကုန်သည်များ၏အဆိုအရ စပါးပေါ်ချိန်တွင် တာကာကုဋေပေါင်းများစွာတန်ကြေးရှိသော စပါးအလေးချိန် maunds တစ်သိန်းကျော်ကို နေ့စဉ်ကုန်သွယ်ပြီး၊ စပါးပေါ်ချိန်ပြင်ပ၌ maunds အလေးချိန် ၅၀,၀၀၀ မှ ၆၀,၀၀၀ ကြား အရောင်းအဝယ် ဖြစ်လေ့ရှိကြောင်း သိရပါသည်။

အောက်တိုဘာလဆန်းမှစတင်၍ ရောင်းလိုအားအကျပ်အတည်းနှင့်စပါးဈေးတက်ခြင်းတို့ကြောင့် နေ့စဉ်ပျမ်းမျှ စပါးတင်း ၂၀,၀၀၀ သာ ရောင်းချနေရပါသည်။ ဤအကျပ်အတည်းမှာ Aman စပါးရိတ်သိမ်းခြင်း မစတင်မီ (နိုဝင်ဘာလ-ဒီဇင်ဘာလမတိုင်မီ) အထိ အနည်းဆုံးတစ်လခန့် ဆက်လက်တည်ရှိနေနိုင်ကြောင်း စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

စပါးဈေးကွက်တွင် BR-28 စပါးတစ် maund ကို တာကာငွေ ၁,၃၅၀ မှ ၁,၃၈၀ ဖြင့် ရောင်းချနေပြီး၊ BR-29 စပါးမှာ တာကာ ၁,၃၂၀ မှ ၁,၃၅၀ ကြား ဖြစ်ပေါ်နေကာ၊ တာကာ ၁၀၀ တိုးလာခြင်းဖြစ်ပါသည်။ သို့သော်လည်း ရောင်းလိုအား အကျပ်အတည်းကာလ ကြာရှည်နေပါက ဆန်စက်အများအပြားမှာ ဆန်ဈေးတက်လာခြင်းနှင့်အတူ ပိတ်သွားနိုင်ကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

Brahmanbaria တွင် လယ်သမားများနှင့်ကုန်သည်များသည် Kishoreganj၊ Mymensingh၊ Netrokona၊ Sunamganj၊ Sylhet နှင့် Habiganj ရှိ လယ်ကွင်းများမှ ထွက်ရှိသောစပါးများကို လှေဖြင့် ဈေးကွက်သို့ သယ်ဆောင်လာလေ့ရှိကြပြီး၊ အလုပ်သမားများ၊ ကုန်သည်များ၊ လယ်သမားများနှင့် ဆန်စက်ပိုင်ရှင်များ အပါအဝင် လူပေါင်းနှစ်ထောင်ခန့်မှာ ဤနေရာတွင် နေ့စဉ်စုရုံးနေလေ့ရှိပါသည်။

ဤဈေးကွက်မှာ ခရိုင်အတွင်းရှိ ဆန်စက်ပေါင်း ၂၅၀ ကျော်ကို အဓိကစပါးပံ့ပိုးပေးနေပြီး၊ ဤဈေးကွက်မှ စပါး ဝယ်ယူပြီးနောက် ဆန်စက်များနှင့်ကုန်သည်များက Chattogram နှင့် Sylhet ခရိုင်များအားလုံးရှိ ဌာနခွဲများနှင့် ဒါကာ ဌာနခွဲ၏ အချို့ခရိုင်များသို့ ဆန်များကိုဖြန့်ဖြူးကြပါသည်။ စပါးဈေးမြင့်တက်လာခြင်းကြောင့် ဆန်ဈေးလည်းမြင့်တက်လာပြီး၊ တစ်ပတ်အတွင်း BR-28 ဆန်တစ်အိတ်လျှင် တာကာငွေ ၂,၆၀၀ ဖြင့်ရောင်းချခဲ့ပြီး၊ BR-29 ဆန်ကို တာကာငွေ ၂,၅၅၀ ဖြင့် တာကာငွေ ၂၀ တိုးမြှင့်၍ ရောင်းချခဲ့ပါသည်။

Ashuganj စပါးဈေးမှ ကုန်သည်တစ်ဦးဖြစ်သူ MdShahjahan က ၎င်းမှာ ကောက်စိုက်လယ်သမားများထံမှ စပါးကို ဝယ်ယူပြီး စပါးဈေးကွက်တွင် ရောင်းချလေ့ရှိကြောင်း၊ လက်ရှိတွင် လယ်သမားများ၏ စပါးကျီများတွင် စပါးများပြတ်လပ်နေကြောင်း၊ ဝယ်လိုအားထက် ရောင်းလိုအားလိုအပ်ချက်ရှိနေသောကြောင့် စပါးဈေးနှုန်းတက်လာခြင်းဖြစ်ကြောင်း မှတ်ချက်ပြု ပြောကြားထားပါသည်။

ဆန်စက်ပိုင်ရှင် Mobarak Hossain က ဆန်ဈေးနှုန်းထက် စပါးဈေးနှုန်း ပိုမိုတက်နေသောကြောင့် ဆန်စက်ပိုင်ရှင်များမှာ ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရကြောင်း၊ စပါးဈေးနှုန်းတက်သကဲ့သို့ ဆန်ဈေးတက်စေရန် ဈေးနှုန်းပြင်ဆင်မည်ဆိုပါက ဆန်တစ်အိတ်၏ဈေးနှုန်းမှာ တာကာ ၁၀၀ ခန့် တက်လာနိုင်ကြောင်း သုံးသပ်ပြောကြားပါသည်။

Ashuganj အော်တိုဆန်စက်ပိုင်ရှင်များအသင်းမှ အဖွဲ့ဝင် Hasan Imran က "Ashuganj စပါးဈေးတွင် စပါး ပြတ်လပ်မှုကြောင့် ဆန်စက်အများအပြား ပိတ်လိုက်ရကာ ဆန်စက်ပိုင်ရှင်များတွင် ဆုံးရှုံးမှုကြီးကြီးမားမားဖြစ်ခဲ့ကြောင်း၊ အကယ်၍ ယခုအကျပ်အတည်းသာကြာမြင့်ခဲ့ပါက လာမည့် Aman စပါးရိတ်သိမ်းချိန်တွင် ရောင်းလိုအားအကြပ်အတည်းကို ဦးစားပေးဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

**Source:** https://www.tbsnews.net/economy/bazaar/supply-crunch-cuts-paddy-trade-60-brahmanbaria-market-513806

**ဒေါက်တာရွှေစင်ကို၊ ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%9B%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%B8%E1%80%9C%

## မန္တလေးကုန်စည်ဒိုင်သို့ သပိတ်ကျင်း နှမ်းအသစ်များဝင်ရောက်၊ ကထိန်ရာသီဖြစ်၍ အရောင်းအ‌ေးပြီး ဈေးအေးနေ

မန္တလေးကုန်စည်ဒိုင်သို့ သပိတ်ကျင်း၊ ကြာညှပ် ၊ တကောင်းဘက်မှ နှမ်းအသစ်များဝင်ရောက်နေပြီး အရောင်းအဝယ် အေးပြီး ဈေးအေးနေကြောင်းသိရသည်။ နှမ်းဖြူမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်လာသော်လည်း ယခင်လထက် ဈေးနိမ့် နေသည်။ နှမ်းညို နှင့် နှမ်းနက်(စမုံ) မှာ အနိမ့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၅၀၀၀ မှ ၂၈၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၇၀၀၀၀ ၊ ယခင်လ ကျပ် ၃၀၀၀၀၀ မှ ၃၀၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ နိမ့်ကျလာသည်။

**နှမ်းညို** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၀၀၀၀ မှ ၂၃၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၃၀၀၀၀ မှ ၂၃၅၀၀၀ ၊ ယခင်လ ကျပ် ၂၅၈၀၀၀ မှ ၂၆၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၂၅၀၀၀ မှ ၂၈၀၀၀ နိမ့်ကျလာသည်။

**နှမ်းနက်(စမုံ)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၄၀၀၀၀ မှ ၃၀၀၀၀၀၊ ယခင် တစ်ပတ် ကျပ် ၂၄၅၀၀၀ မှ ၃၀၀၀၀၀၊ ယခင်လ ကျပ် ၂၇၀၀၀၀ မှ ၃၅၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လ ထက် ကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ နိမ့်ကျလာသည်။

မန္တလေးကုန်စည်ဒိုင်သည် ကထိန်အလှူကို အကြောင်းပြု၍ဖြစ်ပေါ်လာသည့် ကုန်စည်ဒိုင်ဖြစ်၍ နှစ်စဉ်ကထိန်ရာသီတွင် အရောင်းအဝယ်အေးလေ့ရှိသည်။ လတ်တလောတွင် ပြည်ပတင်ပို့မှု အေးနေခြင်းသည်လည်း ဈေးအေးခြင်း အကြောင်း တစ်ခုဖြစ်ကြောင်းသိရသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုံဌာန

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်မှ ၂၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ပိုးလုံးအိမ်၊ ကြိမ်၊ အင်ကြင်းကျောက်၊ ဆန်နှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၃၁၃၄၉ ဒသမ ၄၇ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၀၀၀၀၀ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၃၁၃၄၉ ဒသမ ၄၇ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဓါတ်မြေဩဇာများ၊ ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၂၁၁၈၈ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၅၄၀၉၂၇ ဒသမ ၈၄ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၆၂၁၁၅ ဒသမ ၈၄ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုံးည ဒသမ ၃၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၅ ဒသမ ၇၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုံဌာန**

## စစ်ကိုင်းတိုင်းဒေသကြီး မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆန်၊ စပါးဈေးနှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက (၁၈)သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါသည်။ အများဆုံးစိုက်ပျိုးသော ခရိုင်မှာ ရွှေဘိုခရိုင်ဖြစ်ပြီး ဧကပေါင်း (၃.၅)သိန်းကျော်၊ ရေဦးခရိုင် (၂.၉)သိန်းကျော်၊ ကောလင်းခရိုင် (၁.၉)သိန်းကျော်၊ ကန့်ဘလူခရိုင် (၁.၈)သိန်းကျော်၊ ကလေးခရိုင် (၁.၇)သိန်းကျော်၊ ကသာခရိုင် (၁.၇) သိန်းကျော်၊ မော်လိုက်ခရိုင် (၇.၃)သောင်းကျော်၊ တမူးခရိုင် (၄.၈)သောင်းကျော်၊ ခန္တီးခရိုင် (၈.၂) ထောင်ကျော်၊ ဟုမ္မလင်းခရိုင် (၆.၄)သောင်းကျော်၊ နာဂဒေသ (၂.၅)သောင်းကျော်၊ မုံရွာခရိုင် (၇.၅)သောင်းကျော်၊ ယင်းမာပင်ခရိုင် (၁)သိန်းကျော်တို့ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ အောက်တိုဘာလ စတုတ္ထအပတ်ထိ နာဂဒေသတွင် မိုးစပါးဧက(၁.၆)ထောင် ကျော်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆန်ပိုဒေသများတွင် အောက်တိုဘာလ စတုတ္ထအပတ်ထိ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း(၁၀၀)လျှင် (၂၃၀၀၀၀၀)ကျပ်၊ ဆန်တစ်အိတ်လျှင် (၈၅၀၀၀)ကျပ်၊ ရွှေဘိုရောမင်းစပါး တင်း(၁၀၀)လျှင် (၁၄၅၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၆၅၀၀၀)ကျပ်၊ ရေဦးပေါ်ဆန်းစပါး တင်း(၁၀၀)လျှင်

(၂၃၀၀၀၀၀)ကျပ်၊ ဆန်တစ်အိတ်လျှင် (၈၀၀၀၀)ကျပ်၊ ရေဦးရောမင်းစပါး တင်း(၁၀၀)လျှင် (၁၃၀၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၅၈၀၀၀)ကျပ်၊ ကလေးညှော့မထစပါး တင်း(၁၀၀)လျှင် (၁၀၅၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၄၄၀၀၀)ကျပ်၊ ငစိန်စပါး တင်း(၁၀၀)လျှင် (၉၅၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၄၀၀၀၀)ကျပ်၊ ရောမင်းစပါး တင်း (၁၀၀) လျှင် (၁၃၅၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၅၅၀၀၀)ကျပ်၊ အင်းတော် မှော်ဘီ-၂ စပါး တင်း(၁၀၀)လျှင် (၉၅၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၄၅၀၀၀)ကျပ်၊ ဆင်း-၃ စပါး တင်း(၁၀၀)လျှင် (၈၈၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၄၀၀၀၀)ကျပ်၊ မုံရွာရောမင်းစပါး တင်း(၁၀၀)လျှင် (၁၄၀၀၀၀၀) ကျပ်၊ ဆန်တစ်အိတ်လျှင် (၆၃၀၀၀)ကျပ်ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ တိုင်းပြင်ပသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့အိတ်ပေါင်း (၁.၂)သိန်းကျော်၊ မန္တလေးသို့ အိတ်ပေါင်း (၁.၇)သိန်းကျော်၊ နေပြည်တော်သို့ အိတ်ပေါင်း (၃.၆) သောင်းကျော်၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ အိတ်ပေါင်း (၂.၇)သောင်းကျော်၊ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ အိတ်ပေါင်း (၂.၇)သောင်းကျော်၊ မကွေး(ပခုက္ကူ)သို့ အိတ်ပေါင်း (၃)ထောင်ကျော် စုစုပေါင်း အိတ်ရေ(၃.၉)သိန်းကျော် စီးထွက်ခဲ့ကြောင်းသိရပါသည်။ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ဆန်အိတ်ပေါင်း (၄)သောင်းကျော် ပို၍စီးထွက်ခဲ့ပါသည်။ ထိုသို့ပို၍ စီးဆင်းရခြင်းမှာ မိုးစပါး၊ ဆန်များ ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်သည့်အချိန်မှစ၍ လှောင်လက်များအဝယ်လိုက်လာခြင်းကြောင့် ယခင်နှစ်ကာလတူထက်ပို၍ စီးဆင်းခဲ့ ကြောင်း သိရပါသည်။

**Source:** ဧယျာကုန်သွယ်မှုဗဟိုဌာန

## ဥစိုက်ကြက်သွန်နီအသစ်များ ကျောက်ဆည်ဈေးကွက်သို့ဝင်ရောက်လာ

မန္တလေးတိုင်းဒေသကြီးတွင် ကြက်သွန်နီစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည့် ကျောက်ဆည်နယ်ရှိ ကုန်းကြီး၊ ဘုံကွင်း၊ စဉ့်ကွန်း၊ စမာ၊ ကျီပြ၊ ရွာသာအေး၊ ကျီးအိပ်ကျေးရွာများမှ ကြက်သွန်နီအသစ်များ ကျောက်ဆည်ဈေးကွက်သို့ အနည်းငယ် စတင်ဝင်ရောက်နေပြီး လက်လီတစ်ပိဿာ ကျပ် ၂၅၀၀/၂၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး၊ ယခင်နှေ့ကြက်သွန်နီ (ဟောင်း)မှာ တစ်ပိဿာ လက်ကားဈေးနှုန်းကျပ် ၂၇၀၀/၃၀၀၀/၃၂၀၀၊ လက်လီဈေးနှုန်းကျပ် ၂၉၀၀/ ၃၄၀၀/၃၆၀၀ ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

ဥစိုက်ကြက်သွန်နီကို အရည်အသွေးအရ တာရှည်အထားမခံ၍ စိုက်ပျိုးမှုနည်းကြောင်း၊ နှစ်စဉ်စိုက်ပျိုးသော်လည်း ယခုနှစ်ကဲ့သို့ ဈေးကောင်းရသည့်နှစ်မှသာ ပိုမိုစိုက်ပျိုးလေ့ရှိကြောင်းသိရသည်။ ဥစိုက်ကြက်သွန်နီမှာ အရည်အသွေးအရ လှောင်လက်ပွဲရုံများမှ ဝယ်ယူမှုမရှိပဲ သုံးစွဲရန်အတွက် ဈေးကိုက်သော အိမ်ရှင်မများသာ မီးဖိုချောင်သုံးအဖြစ် အများဆုံး ဝယ်ယူမှုရှိပြီး ဈေးကွက်ဝင်ရောက်ချိန် ကာလတိုကြောင်းသိရသည်။

**Source:** ရတနာပုံကုန်သွယ်မှုဗဟိုဌာန

## နာမည်ရနေတဲ့ စေတုတ္တရာဒေသထွက်မျှစ်ခြောက်

မကွေးတိုင်းဒေသကြီးအတွင်း စေတုတ္တရာမြို့နယ် အနီးတဝိုက်ရှိ ကျေးရွာများတွင် ဝါးရုံတောများ ပေါများသည့် အတွက် မျှင်ဝါးအများအပြားထွက်ရှိရာ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဒေသထွက် မျှင်ဝါးများသည် မိုးဦးကျချိန်တွင် စတင် ထွက်ပေါ်လာပြီး မိုးဖြိုင်ဖြိုင်ကျပါက အထွက်နှုန်းများပြီး မိုးနည်းပါက အထွက်နှုန်းနည်းတာကို တွေ့ရပါတယ်။ မိုးဦးကျချိန် ဇွန်၊ ဇူလိုင်လလောက်မှစ၍ ပေါ်ထွက်လာပြီး အောက်တိုဘာ၊ နိုဝင်ဘာလလောက်တွင် ရှားသွားတာကိုတွေ့ရပါတယ်။

စေတုတ္တရာဒေသထွက် မျှစ်များကို ဝါးရုံတောများမှခုတ်ကာ မီးဖြင့်ပြုတ်ပြီး မျှစ်ပြုတ်အနေဖြင့် ရောင်းချသလို မျှစ်ပြုတ်ကို အခြောက်လှမ်းကာ မျှစ်ခြောက်အနေဖြင့် တစ်နိုင်တစ်ပိုင် ရောင်းချကြပါတယ်။ မျှစ်အနုများကို အခြောက်လှမ်းကာ ရောင်းချတာဖြစ်တဲ့အတွက် နူးညံ့ပြီးစားလို့ကောင်းကာ စေတုတ္တရာဒေသထွက် မျှစ်ခြောက်ဟာ နာမည်ရ နေတာလည်းဖြစ်ပါတယ်။

မျှစ်(၁)ပိဿာကိုနေလှမ်းပါက မျှစ်ခြောက်(၂၅)ကျပ်သားရရှိပြီး မျှစ်ပြုတ်(အချို)ဈေးမှာ တစ်ပိဿာလျှင် (၁၅၀၀)ကျပ်မှ (၁၈၀၀)ကျပ်အထိဈေးရရှိပြီး မျှစ်အခြောက်တစ်ပိဿာလျှင် (၅၀၀၀)ကျပ်မှ (၇၀၀၀)ကျပ်အထိ ဈေးရရှိနေပါတယ်။ ယခင်နှစ်ထက် ဈေးနှုန်း(၁၀၀၀)မှ (၁၅၀၀) ကျပ်အထိ ဈေးအနည်းငယ်မြင့်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒေသထွက်မျှစ်များကို မျှစ်ပြုတ်(အချို)၊ မျှစ်ချဉ်၊ မျှစ်ခြောက်ဆိုပြီး သုံးမျိုးပြုလုပ်ကာ ဒေသတွင်းစားသုံးမှုအနေဖြင့် ဖြန့်ချီရောင်းချလျှက်ရှိပြီး ဘုရားပွဲတော်ဖြစ်သည့် ရွှေစက်တော်ဘုရားပွဲတော်ချိန်တွင်လည်း သွားရောက်ရောင်းချကြတာကို တွေ့ရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ဆယ်နှစ်တာ တည်ငြိမ်လာတဲ့ ကမ္ဘာ့ဆန်ဈေး အိန္ဒိယပယောဂကြောင့် ပြန်တက်တော့မည်



https://greenwaymyanmar.com

အိန္ဒိယနိုင်ငံတွင် တလောကလုပ်ဆောင်လိုက်တဲ့ ဆန်ပို့ကုန်ပိတ်ပင်မှုတွေဟာ ဆယ်စုနှစ်တစ်ခုကျော် တည်ငြိမ်လာခဲ့တဲ့ ကမ္ဘာ့ဆန်ဈေးတွေကို ပြန်လည်မြင့်တက်လာစေမယ်လို့ ကုန်သည်တွေက ပြောဆိုလိုက်ပါတယ်။

နယူးဒေလီအစိုးရရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ချက်ဟာ အခြားဆန်ထုတ်နိုင်ငံတွေမှာ ထွက်နှုန်းကျဆင်းနေချိန်နဲ့ ကမ္ဘာ့ဆန်ဝယ်လိုအား မြင့်တက်လာချိန်တို့နဲ့လည်း တိုက်ဆိုင်နေတာပါ။

အိန္ဒိယနိုင်ငံမှာ မုတ်သုံမိုးမမှန်တာကြောင့် စပါးစိုက်ဧရိယာ ထိခိုက်ကျဆင်းခဲ့အပြီး စက်တင်ဘာလထဲမှာ အစိုးရက ဆန်တင်ပို့မှုကို ပိတ်ပင်ကန့်သတ်ခဲ့တာပါ။ ပါကစ္စတန်နိုင်ငံမှာလည်း ဆိုးရွားလွန်းတဲ့ ရေကြီးရေလျှံမှုကြောင့် စပါးထွက်နှုန်းတွေ ထိခိုက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်တို့လို ဆန်အများဆုံး တင်သွင်းတဲ့နိုင်ငံတွေမှာတော့ ဆန်စားသုံးမှု မြင့်တက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း ၂၀၂၂/၂၃ ရာသီအတွင်း ကမ္ဘာ့ဆန်လိုအပ်ချက်ဟာ ကမ္ဘာ့ဆန်ထုတ်လုပ်မှုထက် ပိုများလိမ့်မယ်လို့ သုံးသပ်သူတွေက ပြောဆိုနေကြတာပါ။ ဒါဟာ ဆန်ကိုအခြေခံစားသုံးနေပြီး အချို့ဆိုရင် နိုင်ငံဆန်လိုအပ်ချက်ရဲ့ ၆၀ ရာခိုင်နှုန်းလောက်အထိကို တင်သွင်းနေကြရတဲ့ အာရှနဲ့အာဖရိကနိုင်ငံတွေအတွက် သတင်းဆိုးတစ်ခုဖြစ်ပါတယ်။

ကမ္ဘာမှာ ဆန်အများဆုံး တင်ပို့နေကျဖြစ်တဲ့ အိန္ဒိယက ဆန်ကွဲတင်ပို့မှုကိုပိတ်ပင်ကာ အခြားဆန်အမျိုးအစား အချို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်လိုက်ပြီးနောက်ပိုင်း ကမ္ဘာ့ဆန်ဈေးတွေ ၁၀ ရာခိုင်နှုန်းကျော် ခုန်တက်ခဲ့ပါတယ်။ စားနပ်ရိက္ခာနဲ့စိုက်ပျိုးရေးအဖွဲ့ (FAO)က အရင်လကထုတ်ပြန်တဲ့ ကမ္ဘာ့ဆန်ဈေးနှုန်းညွှန်းကိန်းဟာ လအလိုက် ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး ၁၈ လတာ အမြင့်ဆုံးအထိ ဆိုက်ရောက်လာပါတယ်။ "နိုင်ငံတကာဆန်ဈေးကွက်မှာ ဈေးတွေ တက်နေခဲ့ပြီး နောက်ထပ်လည်း ထပ်မံမြင့်တက်သွားပါဦးမယ်" လို့ အိန္ဒိယဆန်လုပ်ငန်း Olam India ရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ Nitin Gupta က ပြောပါတယ်။ ကမ္ဘာတစ်ဝန်းက အစိုးရအသီးသီးဟာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကုန်ထုတ်လုပ်ငန်းနဲ့ ကုန်စည်စီးဆင်းမှုကွင်းဆက် ပြတ်တောက်ခဲ့ပြီးနောက်ပိုင်း ကြီးမြင့်လာတဲ့ စားသောက်ကုန်ဈေးတွေကို ထိန်းချုပ်ဖို့ရုန်းကန်ခဲ့ကြရပါတယ်။ ဒ့ါအပြင် ရုရှားက ယူကရိန်းအပေါ် ကျူးကျော်စစ်ပြုလိုက်တဲ့အတွက် စားသောက်ကုန်တန်ချိန် သန်းပေါင်းများစွာဟာ ကမ္ဘာ့ဈေးကွက်ထဲကို မဝင်နိုင်ဖြစ်ခဲ့ပြီး ယခုနှစ်ဆန်းပိုင်းမှာ ကုန်ဈေးနှုန်းတွေကို စံချိန်တင် မြင့်တက်စေခဲ့ပြန်ပါတယ်။

ဒီလိုအခြေအနေရှိနေတာတောင် အိန္ဒိယပို့ကုန်ပိတ်ပင်မှု မလုပ်သေးခင် လတွေတုန်းက အာရှဆန်လုပ်ငန်းတွေနဲ့ အစိုးရတာဝန်ရှိသူတွေဟာ ဆန်လက်ကျန်များနေလို့ ဆန်ဈေးဆက်လက်တည်ငြိမ်နေဦးမယ်လို့ ပြောဆိုလာခဲ့ကြပါတယ်။ ဆန်ဟာ ဂျုံနဲ့မတူဘဲ ယူကရိန်း-ရုရှားစစ်ပွဲရဲ့ ရိုက်ခတ်မှုနည်းပါးခဲ့တာဟာ စစ်ဖြစ်နေတဲ့ နှစ်နိုင်ငံလုံးက ဆန်အကြီးအကျယ်ထုတ်လုပ်သူတွေ မဟုတ်ကြလို့ပါ။ နောက်ပြီး ကိုဗစ်-၁၉ ကြောင့် စားသောက်ကုန်တွေ ပြတ်တောက်ခဲ့ချိန်တုန်းကလည်း ဆန်ဟာ တခြားကုန်တွေနဲ့စာရင် ရောင်းအားပိုမိုတည်ငြိမ်ခဲ့ပါတယ်။

ဒါပေမဲ့ လက်ရှိမှာတော့ ထိုင်း၊ ဗီယက်နမ်တို့လို ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံတွေဆီမှာ အိန္ဒိယပို့ကုန်ပိတ်လိုက်တာနဲ့ နေရာအနှံ့ ဆန်စပါးအထွက်ကျဆင်းတာကနေ ဖြစ်ပေါ်လာမဲ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးဖို့ ဆန်လုံလုံလောက်လောက် ရှိမနေကြပါဘူး။ ကမ္ဘာ့ဆန်လက်ကျန်စာရင်းဟာ လာမဲ့ ၂၀၂၃ ခုနှစ်မှာ ငါးနှစ်ထက်မနည်းအတွင်း အနိမ့်ဆုံးအထိကျဆင်းသွားနိုင်တယ်လို့ ဆန်ကုန်သည်ကြီးသုံးယောက်က သုံးသပ်ပါတယ်။ "အိန္ဒိယဟာ ကမ္ဘာ့ဆန်အရောင်းအဝယ် ၄၀ ရာခိုင်နှုန်းလောက်ကို လက်ဝါးကြီးအုပ်ထားတာဆိုတော့ အခြားနိုင်ငံတွေအနေနဲ့ အိန္ဒိယပို့ကုန်ကျလာချိန်နဲ့ ဝယ်လက်နိုင်ငံတွေဆီက ဝယ်လိုအားတက်လာချိန်မှာ အစားထိုးဖြည့်ဆည်းပေးနိုင်ဖို့ မလွယ်ကူပါဘူး" လို့ Gupta က ပြောပါတယ်။

**'ထွက်နှုန်းခန့်မှန်းချက်များ နိမ့်ကျလာ'**

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ကတော့ ၂၀၂၂/၂၃ ရာသီ ကမ္ဘာ့ဆန်ထုတ်လုပ်မှုဟာ လေးနှစ်အတွင်း အနိမ့်ကျဆုံးအဖြစ် တန်ချိန် ၅၀၈ သန်းသာ ရှိနိုင်မယ်လို့ လျှော့ချခန့်မှန်းထားပါတယ်။ လွန်ခဲ့တဲ့ တစ်လအကြာက ယခုနှစ်ဆန်အထွက် တန်ချိန် ၅၁၂ သန်းရှိမယ်လို့ USDA က ခန့်မှန်းခဲ့တာပါ။ ဒါပေမဲ့ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်လိုနိုင်ငံတွေမှာ ပြင်းထန်တဲ့ မိုးလေဝသ အခြေအနေတွေကြောင့် သီးနှံအထွက် ထိခိုက်တဲ့အတွက် ကမ္ဘာ့ဆန်ထုတ်လုပ်မှုဟာ တန်ချိန် သန်း ၅၀၀ ဝန်းကျင်ထိတောင် ကျဆင်းလာနိုင်တယ်လို့ ထိပ်တန်းဆန်လုပ်ငန်းကြီးအချို့က ခန့်မှန်းထားပါတယ်။

အိန္ဒိယမှာ ခြောက်သွေ့တဲ့ရာသီဥတုကြောင့် စပါးအစိုက်နောက်ကျခဲ့ပြီး တောင်သူအချို့ဆိုရင် လုံးလုံးမစိုက်ဘဲတောင် နေခဲ့ကြပါတယ်။ ဒီနောက်ပိုင်း စပါးခင်းတွေ ရင့်မှည့်ချိန်မှာ သည်းထန်တဲ့မိုးကြောင့် စိုက်ခင်းတွေပျက်စီးခဲ့ရပြီး စားသောက်ကုန်ဈေး ကြီးမြင့်လာမဲ့အရေး စိုးရိမ်မှုမြင့်တက်လာခဲ့ပါတယ်။

၂၀၂၂-၂၃ ရာသီ အိန္ဒိယမိုးစပါး ဆန်အထွက်ဟာ ခြောက်ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၁၀၅ အထိ လျော့နည်းနိုင်တယ်လို့ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက စက်တင်ဘာလထဲမှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ ပုဂ္ဂလိကလုပ်ငန်းတွေကတော့ ထွက်နှုန်းဟာ တန်ချိန် ၁၀၀ အထိ နိမ့်ကျလာနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

ဆန်စားသုံးမှုအများဆုံး တရုတ်နိုင်ငံမှာ အပူချိန်မြင့်မားတာနဲ့ စပါးစိုက်ဒေသအချို့ မိုးခေါင်တာတွေကြောင့် ယခုနှစ်ဆန်ထုတ်လုပ်မှု နှစ်အလိုက် ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၂၀၆ သန်းသာ ရှိနိုင်မယ်လို့ အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်တဲ့ Shanghai JC Intelligence Co Ltd က ထုတ်ပြန်ထားပါတယ်။ ဒါဟာ မနှစ်ကနဲ့ယှဉ်ရင် ကြီးမားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ မနှစ်တုန်းကတော့ အိန္ဒိယဟာ ပြိုင်ဘက်တွေထက် ၃၀ ရာခိုင်နှုန်း ချိုသာတဲ့ဈေးနဲ့ ဆန်တန်ချိန် ၂၁ ဒသမ ၂ သန်းအထိ စံချိန်တင် တင်ပို့ရောင်းချခဲ့ပါတယ်။ ဒါကြောင့် သီးနှံရောင်းအား အလျင်မမီမှုတွေကြောင့် အခြားစားသောက်ကုန်ဈေးတွေ တက်နေချိန်မှာတောင် ကမ္ဘာ့ဆန်ဈေးတွေ မတက်အောင် ထိန်းထားနိုင်ခဲ့တာပါ။ စက်တင်ဘာလ ပို့ကုန်ပိတ်ပင်မှုအပြီး အိန္ဒိယဆန်တင်ပို့ပမာဏဟာ ယခုနှစ်မှာ လေးပုံတစ်ပုံဝန်းကျင် ကျဆင်းလာဖို့ရှိပါတယ်။

**'အထွက်ကျဆင်းမှုများနှင့် အာရှ'**

ဆန်ထုတ်လုပ်မှုထိပ်သီးနိုင်ငံ အားလုံးနီးပါးဟာ ထွက်နှုန်းကျဆင်းမဲ့အရေး စိတ်ပူနေကြရပြီး ကမ္ဘာ့ဆန်လိုအပ်ချက်က ဆန်ရောင်းလိုအားထက် ပိုများမယ်လို့ အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောပါတယ်။ အိန္ဒိယက ပို့ကုန်ပိတ်ပင်လိုက်တဲ့အတွက် ပြိုင်ဘက်တွေဖြစ်တဲ့ ဗီယက်နမ်၊ ထိုင်းနဲ့မြန်မာတို့ရဲ့ ဆန်ရောင်းအားကို မြင့်တက်သွားစေကြောင်း၊ ဒါပေမဲ့ သူတို့မှာလည်း ပြည်ပတင်ပို့ဖို့ရာအတွက် ပိုလျှံဆန် အကန့်အသတ်နဲ့သာရှိကြောင်း Rao က ပြောပါတယ်။

ဗီယက်နမ်ရဲ့ စပါးအထွက်နှုန်းကတော့ ယခင်နှစ်အတိုင်း အတက်အကျမရှိဘဲ တန်ချိန် ၄၃ သန်း ရှိနိုင်မယ်လို့ အစိုးရထုတ်ပြန်ခန့်မှန်းချက်တွေအရ သိရပါတယ်။ အိမ်နီးချင်း ထိုင်းကတော့ ယခုနှစ်မှာ ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ဖို့ ရည်ရွယ်ထားတာကြောင့် အရင်နှစ်ရဲ့ မျှော်မှန်းချက် တန်ချိန် ခုနစ်သန်းထက် ခုနစ်ရာခိုင်နှုန်း ပိုများလာမယ်လို့ အစိုးရပြောခွင့်ရပုဂ္ဂိုလ် Anucha Burapachaisri က ပြောပါတယ်။

ဗီယက်နမ်၊ ထိုင်း နှစ်နိုင်ငံပေါင်းရင်တောင် အိန္ဒိယမတင်ပို့တော့လို့ ဖြစ်ပေါ်လာတဲ့ဟာကွက်ကို ဖြည့်ဆည်းစရာအဖြစ် တန်ချိန်နှစ်သန်းထက် မများတဲ့ပမာဏကိုသာ အပိုဆောင်းရောင်းချပေးနိုင်မယ်လို့ ကုန်သည်တွေကပြောပါတယ်။

ပါကစ္စတန်နိုင်ငံမှာတော့ စံချိန်တင်ရေကြီးရေလျှံမှုကြောင့် စပါးသီးနှံတွေပျက်စီးခဲ့တဲ့အတွက် အိန္ဒိယပို့ကုန်ပိတ်ပင်မှုကို အခွင့်ကောင်းယူနိုင်မှာ မဟုတ်ပါဘူး။ ယခုနှစ် ပါကစ္စတန်ဆန်ထုတ်လုပ်မှုဟာ ၁၈ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၇ ဒသမ ၄ သန်းသာရှိနိုင်မယ်လို့ USDA ထုတ်ပြန်ချက်အရ သိရပါတယ်။

အိန္ဒိယနည်းတူ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်တို့လို ဆန်ထုတ်လုပ်တဲ့ အခြားအာရှနိုင်ငံတွေမှာလည်း မိုးခေါင်၊ ရေကြီး၊ တိုင်ဖွန်းနဲ့ ဆိုင်ကလုန်းမုန်တိုင်းတို့လို မိုးလေဝသအခြေအနေတွေကြောင့် သီးနှံတွေ ထိခိုက်ခဲ့ရပါတယ်။ "အာရှတိုက်အတွင်းက ထူးခြားတဲ့ ဖြစ်ရပ်ပေါင်းစုံဟာ ကမ္ဘာ့ဒေသများစွာမှာရှိနေတဲ့ စားသုံးသူတွေအပေါ် ဆိုးဆိုးရွားရွား ရိုက်ခတ်ပါမယ်။ ဆင်းရဲသားတွေအနေနဲ့ ဈေးပိုကြီးတဲ့ အကောင်းစားဆန်တွေကို ဝယ်ချင်ဝယ်၊ မဝယ်ရင်တော့ ဆန်မရှိဘဲ စခန်းသွားရမယ်။ သူ့တို့အတွက် ရွေးချယ်စရာ မလွယ်ကူလှဘူး" လို့ အိန္ဒိယအကြီးဆုံး ဆန်တင်ပို့လုပ်ငန်းရဲ့ အမှုဆောင်ဒါရိုက်တာ Himanshu Agarwal လို့ ပြောပါတယ်။

**Ref: Analysis: India rice export curbs to end a decade of price stability**

**Source:** https://greenwaymyanmar.com/posts/Global_rice_Prices_rise

## တရုတ်နိုင်ငံသည် တန်ဖိုးမြင့်တင်ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခံနိုင်ရည်ရှိမှုနှင့်အတူ စက်မှုလုပ်ငန်းစုများနှင့် ထောက်ပံ့ရေးကွင်းဆက်များ ဖွံ့ဖြိုးလာခဲ့ကြောင်း၊ ဘေဂျင်းရှိ Yizhuangတွင် တည်ထောင်ထားသော စက်ရုပ်စနစ်များ ထုတ်လုပ်ခြင်းနှင့် အမှားပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံတွင် စက်ရုပ်များသည် ဖမ်းယူခြင်း၊ သယ်ဆောင်ခြင်း၊ ဂဟေဆော်ခြင်း၊ ကြိတ်ခြင်း၊ ကော်အုပ်ခြင်းစသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို အလိုအလျောက် အပြီးသတ် ဆောင်ရွက်နိုင်နေပြီးဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုသည် နိုင်ငံတော်စီးပွားရေး၏ အသက်သွေးကြောဖြစ်ပြီး စစ်မှန်သောစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ရာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း စက်ရုပ်များ ထုတ်လုပ်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းကြောင့် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းသုံး စက်ရုပ်များထုတ်လုပ်မှု မြင့်တက်လာခဲ့ကြောင်း ဖော်ပြပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် စက်မှုလုပ်ငန်းသုံး စက်ရုပ်အလုံးရေ ၃၆၆,၀၀၀ ကို ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ထက် ၁၀ ဆတိုးလာကြောင်း၊ ကမ္ဘာ့အကြီးဆုံး ဈေးကွက်အဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏ အဆင့်မြင့် စက်ကိရိယာများထုတ်လုပ်ရေး လုပ်ငန်းသည်လည်း လျင်မြန်စွာတိုးတက်လာကြောင်း၊ မြေအောက်ရထားများ၊ အဝေးပြေးလမ်းများနှင့် ခက်ခဲသောမြေပြင်ကို ဖြတ်ကျော်တည်ဆောက်သည့် မြေအောက်ရထားလမ်းများနှင့် ဥမင်လှိုဏ်ခေါင်းကြီးများ တည်ဆောက်သော ဒိုင်းလွှားစက်ကြီးများမှာ ကမ္ဘာ့ဈေးကွက်၏ သုံးပုံနှစ်ပုံခန့်ရှိပါကြောင်း၊ တစ်နာရီ ကီလိုမီတာ ၃၅၀ နှုန်းရှိသော Fuxing အမြန်ရထားသည် တရုတ်ကုန်ထုတ်လုပ်ငန်း၏ ထင်ရှားသော ကိုယ်စားပြုတစ်ခုဖြစ်လာကြောင်း ဖော်ပြပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု တန်ဖိုးသည် ယွမ် ၁၆.၉၈ ထရီလျံမှ ယွမ် ၃၁.၄ ထရီလီယံအထိ တိုးလာခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းနီးပါးနှင့် ထိပ်တန်းအဆင့်ရှိကြောင်း၊ အဓိက စက်မှုထုတ်ကုန် ၅၀၀ တွင် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကျော်ရှိပြီး ကမ္ဘာတစ်ဝှမ်းတွင် နံပါတ် (၁) နေရာတွင်ရှိနေပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု၏ အလုံးစုံစွမ်းအားမှာ သိသိသာသာတိုးတက်လာသည်ကို ညွှန်ပြနေကြောင်း ဖေါ်ပြထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source: english.yunnangateway.com/html/2022/news_1020/26452.html**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%80

# STOCK EXCHANGE (27.10.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,400 | 1 | 9,400 | 33,109,694 | 311,231 |
| MTSH | 00002 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 6,895 | 23,443,000 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 342 | 6,840,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 218 | 588,600 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | -100 | -1.96% | 5,000 | 5,000 | 5,000 | 61 | 305,000 | 10,497,598 | 52,488 |

## Market Overview

### Main Board

As of 1:00 pm, 27th Oct. 2022

| MYANPIX | 410.53 ▼ 1.72 |
|---|---|
| Total Volume (shares) | 7,517 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 714,169 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 0 |
| MTSH | 00002 | 3,400 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▼ 100 |